# တံတားချောင်းကျေးရွာ

# ဒလမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၂၂-၂၀၂၇)

ပြုစုရေးဆွဲသူ

တံတားချောင်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

တံတားချောင်းကျေးရွာ၊ဒလမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်

ကျေးလက်နေပြည်သူများမှကူညီရေးဆွဲသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ လ

## မာတိကာ

**စကားချီး**

တံတားချောင်းကျေးရွာ သယံဇာတပြေမြေပုံ၊ ဒလမြို့နယ်

**အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
 (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်
 (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
(၂) တည်နေရာနှင့် ပထဝီဝင် အနေအထား
(၃) ကျေးရွာအရင်းအမြစ်ပြမြေပုံ
(၄) (က) ရာသီခွင်ပြပြက္ခဒိန်
 (ခ) ကျေးရွာတွင်းအဖွဲ့အစည်းများအခြေပြဇယား
(၅) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ
(၆) ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ
 (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ
 (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ
 (ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ
 (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ
 (င) ပညာရေး
 (စ) ကျန်းမာရေး
 (ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
 (ဇ) ကျား - မ ရေးရာကိစ္စရပ်ဆိုင်ရာ
(၇) နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း
(၈) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ
(၉) နောက်ဆက်တွဲ(၁) တံတားချောင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်ပြဇယား
(၁၀) နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန် zနှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အစီအစဉ်တို့ပါဝင်ပါသည်။အပိုင်း(ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ လ၊ ၂၀၂၃ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
တံတားချောင်းကျေးရွာ

## အပိုင်း(က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည့်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အထောက်အပံ့ ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိ အောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများ ကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်နှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

**(ခ)စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ တည်နေရာနှင့် ပထဝီဝင် အနေအထား**

တံတားချောင်းကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင် ဒလမြို့နယ်တွင် တည်ရှိပြီး အရှေ့နှင့် အနောက်သွယ်တန်းလျက် ကနောင်လမ်းမကြီးနှင့်မေးတင်လျက်တည်ရှိပြီး (၁၄၀၀.၂၅)ဧကခန့် ရှည်လျား၍ အိမ်ခြေ(၃၈၀) အိမ်နှင့်လူဦးရေ( ၁၄၇၀)ဦး နေထိုင်စားသောက်ကြပါသည်။

ကျေးရွာသည်မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ဈေး ဆိုင်အသင့်အတင့်ရှိကာ ကျပန်းအလုပ် လုပ်ကိုင်သူ များပြားလျက်ရှိပါသည်။ အနီးဆုံးဈေးကွက်မှာ

ဒလမြို့ဈေးဖြစ်ပြီး ဒလမြို့သို့ သုံးဘီးဖြင့် သွားရောက်ဝယ်ယူ၍ ကုန်လမ်းမိုင်(၃)မိုင်ခန့် ကွာဝေးပါသည်။ရွာ၏ အရှေ့ဘက်တွင် ခနိတောကျေးရွာ၊အနောက်ဘက်တွင် ခြောက်နံပါတ်ရပ်ကွက်ရှိပြီး၊ တောင်ဘက်တွင် မင်းစုကျေးရွာရှိပါသည်။

ကျေးရွာသည် မိုးရွာသွန်းမှုအသင့်အတင့်ကောင်းသော မြေပြန့်ဒေသတွင်ရှိပြီး လယ်ယာမြေအသင့်အတင့် ပေါ်များသဖြင့် သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုရှိသည်။ စပါးအဓိက စိုက်ပျိုးသည်။ကျေးရွာတွင် သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။ အနီးပတ်ဝန်းကျင်တွင် သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးသွားပြီဖြစ်သည်။ နွားစာအတွက် မြက်များကို လယ်ကန်သင်းများတွင်သာ အလွယ်တကူရရှိနိုင်သည်။စာကျက်မြေသီးသန့်မရှိပါ။

**၃။ဒလမြို့နယ်၊တံတားချောင်းကျေးရွာအရင်းအမြစ်ပြမြေပုံ**



# ၄။(က)ဒလမြို့နယ်၊တံတားချောင်းကျေးရွာရာသီခွင်ပြပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| အလုပ်အကိုင် | လယ် | လယ် | လယ် | လယ် | | | | လယ် | ကျပန်း | ကျပန်း | ကျပန်း | ကျပန်း |
| သဘာဝဘေး | မီးဘေး | မီးဘေး | မီးဘေး | - | - | - | - | - | အအေးလွှိုင်းဖြတ် | - | - | မီးဘေး |
| ပွဲတော် | သင်္ကြန် | ညောင်ရေသွန်း | - | ဝါဆိုသင်္ကန်း | - | - | မီးထွန်းပွဲ | ကထိန်ပွဲ | - | - | - | - |
| သောက်ရေရှိမှု | မလုံလောက် | မလုံလောက် | - | - | - | - | - | - | - | - | - | မလုံလောက် |
| နေ့စပါး | – | - | - | - | - | - | - | – | – | – | – | – |
| မိုးစပါး | - | - | မျိုးကျဲ | စိုက် | စိုက် | - | - | ရိတ်သိမ်း | ရိတ်သိမ်း | - | - | - |
| မွေးမြူရေး | ဝက်၊ ကြက် | ဝက်၊ ကြက် | ဘဲ | ဘဲ | ဝက်၊ ကြက် | ဝက်၊ ကြက် | ဝက် | ကြက် | ကြက် | ဝက်၊ကြက် | ကြက် | ကြက် |
| ကျန်းမာရေးအခြေအနေ | - | ဝမ်းပျက် | သွေးလွန်တုပ်ကွေး | တုပ်ကွေး | သွေးလွန်တုပ်ကွေး | - | ရာသီဖျား | - | - | - | - | ဝမ်းပျက် |
| ဝင်ငွေ | ▲▲▲ | ▲▲▲ | ▲▲ | ▲ | ▲▲ | ▲▲ | ▲▲ | ▲▲▲ | ▲▲▲ | ▲▲▲ | ▲▲▲ | ▲▲▲ |
| ထွက်ငွေ | ▲▲▲ | ▲▲▲ | ▲▲▲▲ | ▲▲▲ | ▲▲▲ | ▲▲▲ | ▲▲▲ | ▲▲▲ | ▲▲▲ | ▲▲▲▲ | ▲▲▲ | ▲▲▲ |

 နွေရာသီ

▲ အလွန်နဲ

▲▲ နဲ

 မိုးရာသီ

▲▲▲ အသင့်အတင့်

 ဆောင်းရာသီ/ပွင့်လင်းရာသီ

▲▲▲▲ များ

၄။ (ခ)တံတားချောင်းကျေးရွာ၊ကျေးရွာတွင်းအဖွဲ့အစည်းများအခြေပြဇယား



## ၅။ ရာသီဥတုနှင့်သဘာ၀အရင်းအမြစ်များ

ရာသီဥတုမှာ မေလ(၁၅)ရက်မှ အောက်တိုဘာလ၊ နို၀င်ဘာလအထိ မိုးများ၍ စွတ်စိုသော ရာသီဥတုကြောင့် လယ်မြေများတွင် မိုးစပါးအား သက်လတ်သက်ကြီးစပါးမျိုး စိုက်ပျိုးကြ၍ နုံးတင်မြေနုဒေသဖြစ်သောကြောင့် မြေဆီမြေနှစ်ကောင်းမွန်၍ တစ်ကေလျှင် ပျမ်းမျှ(၄၀)တင်းနှုန်း ထွက်ရှိပါသည်။

## ၆။ ကျေးရွာရှိကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ ရပ်မိ/ရပ်ဖများ၊ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ ကျေးရွာဖွံ့ဖြိုးရေးကိစ္စများအား အကောင်အထည်ဖော်လုပ်ဆောင်ကြပါသည်။အဓိကအားဖြင့် ပြည်သူလူထုမတည်ငွေနှင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပညာရေး၊ ကျန်းမာရေး၊အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ သဘာ၀ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ကော်မတီအဖွဲ့များ အသီးသီးထားရှိပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ကိုင်သူများဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ရှိသည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် မွေးမြူရေး၊ စက်ရုံအလုပ်ရုံများတွင် လုပ်ကိုင်သူများ၊ အိမ်ဆိုင်၊ လက်သမား၊ ပန်းရံစသော အသေးစားလုပ်ငန်းများတွင်လည်း ပါ၀င်ဆောင်ရွက်ကြသည်။ရေချိုငါးဖမ်းလုပ်ငန်းများလည်း အနည်းငယ်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှု လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှု အသင့်အတင့်ရှိခြင်းတို့ကြောင့် ကျေးရွာ၏ စီးပွားရေးအနေအထားမှာ အသင့်အတင့်သာ ရှိပါသည်။

### (ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကျေးရွာရှိ ရွာတွင်းလမ်းမှာ ကွန်ကရစ်လမ်းအချို့ဖြစ်ပြီး ရွာချင်းဆက်လမ်းမှာ ကွန်ကရစ်လမ်းဖြစ်ကာ သုံးဘီးကို အသုံးပြုမောင်းနှင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် ကား၊ မော်တော်ဆိုင်ကယ်၊စက်ဘီး၊ထော်လာဂျီနှင့်သုံးဘီးတို့ကို အသုံးပြုလျက်ရှိကြသည်။ လျှပ်စစ်မီးကို အိမ်ထောင်စုအများစု အသုံးပြုကြသည်။ ဈေးကွက် နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ရွာသူ/သားများသည် သတင်းစာ၊ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံး အတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ကျန်းမာရေး၊ပညာရေး) တို့အတွက် အထူးသဖြင့် ဈေးရောင်းချရန်အရင်းအနှီးအတွက် အရင်းအနှီးအလို့ငှာ ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်ရှိကြောင်း တွေ့ရှိရပါသည်။

**(င) ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် (၅၀%)ခန့်သာ တွေ့ရှိရပါသည်။ ရွာသူ/သားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် နည်းပါးသည်။ ပညာရေးအပေါ် ကျောင်းသားမိဘများ၏ စိတ်ဝင်စားမှု၊ ပံ့ပိုးမြှပ်နှံမှုများ မြင့်မားပြီး ကျေးရွာ၏ ပညာရေးအလားအလာမှာ ကောင်းမွန်ပါသည်။

**(စ) ကျန်းမာရေး**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုတ်ကွေးများ ဖြစ်လေ့ရှိပြီး တီဘီ၊ ဆီးချိုနှင့်သွေးတိုးရောဂါများ အနည်းငယ် ဖြစ်ကြောင်း တွေ့ရှိရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းတွင် ရရှိနိုင်ပြီးဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။

**(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။ အခါအားလျော်စွာ မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်သည်။ နာဂစ်မုန်တိုင်းတိုက်ခိုက်ခံရသော အခါ ထိခိုက်မှုအနေအထားအားဖြင့် ကြီးကြီးမားမား မရှိခဲ့ပါ။ သစ်ပင်များ ပြိုလဲပျက်စီးခြင်းနှင့်အမိုးအကာများ ပျက်စီးခြင်းတို့ကို ရွာသူ/သားများစုပေါင်းအင်အားဖြင့် သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမိုးအကာများကိုလည်း မိမိတို့တတ်နိုင်သည့် အင်အားဖြင့် ပြန်လည်ပြုပြင်ခဲ့ပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထိခိုက်မှုများလျော့ချနိုင်ရန်ကြိုတင်လုပ်ဆောင်မှုများမရှိသေးပါ။သို့သော် မိုးလေဝသသတင်းများအားအချိန်နှင့်တပြေးညီ သိရှိနိုင်စေရန် အိမ်တိုင်း၌ တီဗီအား ဖွင့်လှစ်ကြည့်ရှု့ နားထောင်နေကြပါသည်။

**(ဇ) ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

ကျေးရွာတွင် ကျားမဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ကျားမဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင်း ကျားနှင့်မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ခံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှု မရှိပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်။ ကျားမ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှု တို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

နောက်ဆက်တွဲ (၁)

## ၇။တံတားချောင်းကျေးရွာ၊ လက်ယက်စမ်း ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | ပညာအရည်အချင်း | မွေးသက္ကရာဇ် | ရာထူး | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁။ | ဦးကျော်တင့် | ဦးမောင်လွန်း | ၁၂/တတန(နိုင်) ၀၆၉၄၉၄ | ၁၀တန်း | ၂.၆.၁၉၄၉ | ဥက္ကဋ္ဌ | 09-421001384 | |
| ၂။ | ဒေါ်သဇင်ဝင်း | ဦးအုန်းလှိုင် | ၁၂/ဒလန(နိုင်) ၀၆၈၄၂၉ | ၈ တန်း | ၁၈.၁၂.၂၀၀၀ | ဥက္ကဋ္ဌ (ဝယ်ယူရေး) | 09-676904788 | |
| ၃။ | ဦးကိုကိုဝင်း | ဦးလှသောင်း | ၁၂/တတန(နိုင်) ၀၅၃၉၄၃ | ၁၀တန်း | ၁၃.၇.၁၉၈၇ | အတွင်းရေးမှူး | 09-762437007 | |
| ၄။ | ဒေါ်ဝင်းမာ | ဦးလှသင်း | ၁၂/ဒလန(နိုင်) ၀၁၅၇၅၉ | ၄ တန်း | ၁၉၇၀ | အဖွဲ့ဝင် | 09-792628116 | |
| ၅။ | ဒေါ်နှင်းနုရွှေ | ဦးသက်နိုင် | ၁၂/ဒလန(နိုင်) ၀၉၂၀၄၈ | ၄ တန်း | ၁၄.၁၀.၁၉၅၃ | အဖွဲ့ဝင် | 09-666520232 | |
| ၆။ | ဦးကျော်နိုင် | ဦးမောင်စိန် | ၁၂/တတန(နိုင်) ၀၀၃၇၆၉ | ၈ တန်း | ၁၂.၁၀.၁၉၃၀ | စာရင်းကိုင် | 09-781109679 | |
| ၇။ | ဦးကျော်နိုင်ထွန်း | ဦးဆင်မောင်လွင် | ၁၂/တတန(နိုင်) ၁၇၄၀၀၆ | ၈ တန်း | ၂.၁.၁၉၈၄ | အဖွဲ့ဝင် | - | |

၈။ ရခိုင်ချောင်(မြောက်)ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ

| စဉ် | ကဏ္ဍ | အဆိုပြုစီမံချက်များ | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁။ | အခြေခံအဆောက်အဦး | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ |
| ၂။ | ရေပေးရေး | ရေကန်အနက်နှိုက်ခြင်း | ၂ |
| ၃။ | ရေပေးရေး | ရေကန်ခြံစည်းရိုး ကာရံခြင်း | ၃ |
| ၄။ | အခြေခံအဆောက်အဦး | ဓမ္မာရုံဆောက်လုပ်ခြင်း | ၄ |
| ၅။ | အခြေခံအဆောက်အဦး | မီးသင်္ဂြိုလ်စက်ဆောက်လုပ်ခြင်း | ၅ |

နောက်ဆွဲတွဲ(၁)

# ရခိုင်ချောင်(မြောက်)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်ပြဇယား၄

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|
| –ကျေးရွာတွင်းလမ်းများမကောင်းခြင်း၊<br>–ကျေးရွာတွင်းဆက်လက်ဆောင်ရွက်ရန်ကွန်ကရစ် လမ်းလိုအပ်ချက်ရှိခြင်း၊ | –ကျေးရွာတွင်းရှိ အချို့လမ်းများမှာ မြေသားလမ်း ဖြစ်၍ မိုးရာသီတွင် သွားလာရန် ခက်ခဲလျက်ရှိခြင်း၊ | –ကျေးရွာသူ/သားများမှ လုပ်အား ပူးပေါင်း ပါဝင်ကူညီနိုင်ခြင်း၊<br>- ကျေးရွာတွင် ဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းထားနိုင် ခြင်း။ | -ကျေးရွာတွင် နေထိုင်သူများသည် မတည်ငွေ အင်အားမတတ်နိုင်ခြင်း၊ | - ကျေးရွာဆပ်ကော်မတီဖွဲ့စည်းပြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ပြီး အခက်အခဲများကိုဖြေရှင်း နိုင်ခြင်း။ | -ကျေးရွာလမ်းများကောင်းမွန်အောင်သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ပြီး ကျေးရွာရှိ မြေသားလမ်းများအား ကွန်ကရစ်လမ်းအဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ပါသည်။ |
| ကျွဲ၊နွား တိရစ္ဆာန်များဝင်ရောက်ခြင်းနှင့်ကလေးသူငယ်များအန္တရာယ်ကျရောက်ခြင်း | ကျေးရွာတွင်းရှိ ရေကန်များ ကျွဲ၊နွားတိရစ္ဆာန်များ မဝင်ရောက်နိုင်ခြင်းနှင့် ကလေးသူငယ်များ ဘေးအန္တရာယ် ကင်းရှင်းစေ၍ သန့်ရှင်းသောသောက်သုံးရေရ ရှိနိုင်စေရန် | ရေကန်ခြံစည်းရိုးကာရံမည့်ရေကန်များရှိခြင်း၊ကျေးရွာမှ ရေကန်ခြံစည်းရိုးကာရံမည့် ကုန်ကျစရိတ်ကျခံနိုင်ခြင်း(လက်သမားခ၊ပန်းရံခ) | ရေကန်ခြံစည်းရိုးကာရံနိုင်မည့် ရန်ပုံငွေမရှိခြင်း | ရေကန်ခြံစည်းရိုးကာရံပေးပါက ကျွဲ၊နွား၊ တိရစ္ဆာန်များနှင့်ကလေးသူငယ်များ ဘေးအန္တရာယ်ကင်း၍ သန့်ရှင်းသောသောက်သုံးရေရရှိနိုင်မည် ဖြစ်ပါသည်။ | ရေကန်ခြံစည်းရိုးကာရံရန်အဆိုပြုတင်ပြခြင်း |
| ဓမ္မာရုံမရှိခြင်း | ကျေးရွာတွင်းရှိ ရွာသူ/ရွာသားများ တရားဘာဝနာ အေးအေးချမ်းချမ်း ပွားများနိုင်စေရန် | ဓမ္မာရုံဆောက်လုပ်ရန် မြေနေရာရှိခြင်း၊ကျေးရွာ မှ ဆောက်လုပ်စရိတ်ကျခံနိုင်ခြင်း(လက်သမားခ၊ပန်းရံခ) | ဓမ္မာရုံဆောက်လုပ်နိုင်သည့်ရန်ပုံငွေမရှိခြင်း | ကျေးရွာပိုင် ဓမ္မာရုံဆောက်လုပ်ပေးခြင်း၊ ဓမ္မာရုံကော်မတီဖွဲ့စည်းခြင်း၊ | ဓမ္မာရုံဆောက်လုပ်ရန်အဆိုပြုတင်ပြခြင်း |
| မီးသင်္ဂြိုလ်စက်မရှိခြင်း | မီးသင်္ဂြိုလ်စက်မရှိခြင်းဖြင့် ကျေးရွာအတွက် မြေနေရာပေးရမှုလျော့နည်းစေရန် | မီးသင်္ဂြိုလ်စက်ဆောက်လုပ်ရန် မြေနေရာရှိခြင်း၊ ကျေးရွာ မှ ဆောက်လုပ်စရိတ်ကျခံနိုင် ခြင်း (လက်သမားခ၊ပန်းရံခ) | ကျေးရွာမှ လုပ်အားခ မီးသင်္ဂြိုလ်စက်ဆောက်လုပ်ရန် ကုန်ကျစရိတ် မတတ်နိုင် ခြင်း | ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကုန်ကျစရိတ်ပံ့ပိုးလျှင် ကျေးရွာမလုပ်အားခ၊ သယ်ယူစရိတ်နှင့်လုပ်အားများထည့်ဝင်မည်။ | မီးသင်္ဂြိုလ်စက်ဆောက်လုပ်ရန်အဆိုပြုတင်ပြခြင်း |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၀ | ၁၄ | ၃၄ | ၁၇ | ၇ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၅၂ | ၄၇ | ၉၉ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၅၇ | ၇၀ | ၁၂၇ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၈၆ | ၉၆ | ၁၈၂ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၉၄ | ၄၇၀ | ၉၆၄ | | |
| ၆၅နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၃၄ | ၃၀ | ၆၄ | | |
| **စုစုပေါင်း** | | **၇၄၃** | **၇၂၇** | **၁၄၇၀** | **၁၇** | **၇** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၈၀** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ တံတားချောင်းကျေးရွာတွင် နို့စို့အရွယ် ကလေးငယ်ကလေး ကျား(၂၀)၊ မ(၁၄)ဦးရှိပါသည်။(၅)နှစ်အောက်ကလေးငယ် ကျား(၅၂)ဦး၊မ(၄၇)ဦး၊စုစုပေါင်း(၉၉)ဦးရှိပြီး၊ မူလတန်းကျောင်းသားအရွယ် ကျား(၅၇)ဦး၊မ(၇၀)ဦး၊စုစုပေါင်း (၁၂၇)ဦးရှိပါသည်။ အလယ်တန်းတက် ရောက်သည့်ကလေးငယ် ကျား(၈၆)ဦး၊မ(၉၆)ဦး၊ စုစုပေါင်း(၁၂၈)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၄၉၄)ဦး၊ မ(၄၇၀)ဦး ၊စုစုပေါင်း(၉၆၄)ဦးရှိပါသည်။သက်ကြီးအရွယ်ကျား(၃၄)၊မ(၃၀) စုစုပေါင်း (၆၄) ဦးရှိပြီး နို့စို့အရွယ်တွင် မသန်စွမ်းသူ ကျား(၁၇)၊မ(၇) စုစုပေါင်း (၂၄)ဦးရှိကြောင်း လေ့လာတွေ့ရှိ ရပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

### ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆ | ၂၄ | | | | ၂ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁၅ | ၄၅ | | | | ၂၇ | မြင့်☑ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄ | ၁၀ | | | | ၅ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၀ | ၂၀ | | | | ၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၉ | ၃၁ | | | | ၄၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | | | | ၄ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး (ကုန်စုံ)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၇ | | | | ၁၀ | မြင့် ☐လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | ဦးရေ | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | | | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၁၄ | **ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့်ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ တစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၃၅ | ၁၅၃ | | | | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | | | | | ၁၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | စုစုပေါင်း | **၂၆၅** | **၂၈၃** | | | | **၉၉** | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ တံတားချောင်းကျေးရွာသည် စိုက်ပျိုးရေးနှင့် အရောင်းအဝယ် လုပ်ငန်းကို အဓိကထားအသက်မွေးဝမ်းကျောင်းပြုသော ကျေးရွာဖြစ်သည်ဟုဆိုနိုင်ပါသည်။ အိမ်ထောင်စုစာရင်း ကောက်ယူမှုတွင် ကျပန်းရာသီအလိုက် အလုပ်သမားအများဆုံးတွေ့ရှိရသည်။လက်သမား /ပန်းရံလုပ်ငန်း၊ စက်ဘီး/ဆိုင်ကယ်ပြင်လုပ်ငန်း၊ အလှပြင်/စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ မိသားစုများ လည်းရှိပြီး ပို့ဆောင်ရေး ကဏ္ဍတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ ပညာရေးမှာလည်း အစိုးရဝန်ထမ်းများလည်း အနည်းငယ်ရှိပါသည်။ကျေးရွာအတွင်း ကျပန်းနှင့် တစ်ပိုင်တစ်နိုင် လက်လီအရောင်းအဝယ်များတွင်သာ အလုပ်အကိုင်အခွင့်အလမ်းများရှိပြီး နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ကုမ္ပဏီများတွင် လုပ်ကိုင်သူ အနည်းငယ် ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | – |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | – |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | – |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | – |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | – |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | – |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | – |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှု အပေါ် မူတည်ပြီး ကျား/မ ဝင်ငွေခြားနားရခြင်းမှာလည်း လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၄၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း / ကျွန်းမြေ | – | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | – | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | – | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၄၀၀** | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ တံတားချောင်းကျေးရွာတွင် လယ်မြေ(၁၄၀၀)ဧက ရှိပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်သည့် လယ်ယာမြေများလည်း ဖြစ်ပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့် ☐ နည်း☐ မရှိ☑ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့် ☐ နည်း☐ မရှိ☑ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့် ☐ နည်း☐ မရှိ☑ | လွယ်☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့် ☐ နည်း☐ မရှိ☑ | ☒ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| | | |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ☐ သင့် ☐ နည်း☑ မရှိ☐ | လွယ်☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း ) | များ☐ သင့် ☐ နည်း☑ မရှိ☐ | လွယ်☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ တံတားချောင်းကျေးရွာပိုင်နက်အတွင်း တွင်းထွက် သယံဇာတများမရှိပါ။ သဘာဝ အပင်မျိုးစေ့များ နည်းပါသော်လည်း နွား၊ မြင်း၊ ဆိတ် စသော တိရစ္ဆာန်များအတွက် လွတ်ကျောင်းရန် အစာ အနည်းငယ် ရရှိနိုင်ပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေ သော အိမ်ထောင်စု | အလယ်အလတ် ရှိသောအိမ် ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | နည်း | များ | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | နည်း | နည်း | မရှိ | မရှိ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေ သော အိမ်ထောင်စု** | **အလယ်အလတ် ရှိသောအိမ် ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | **၈၀** | **၁၀၀** | **၁၅၀** | **၅၀** |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ တံတားချောင်းကျေးရွာအတွင်း အိမ်ခြေပေါင်း (၃၈၀) ရှိ၍ အလုပ်အကိုင်နှင့် နေထိုင်စားသောက် ရေးမှာ သင့်တင့်လျောက်ပတ်စွာရှိပါသည်။အလွန်မပြေလည်သော အိမ်ထောင်စုများသည် ရာသီအလိုက် ကြုံရာ ကျပန်း လုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၂၅၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၂၅၀<br>လုပ်အားခကြိုယူ = ၀ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၂၄၅ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၂၄၅<br>လုပ်အားခကြိုယူ = ၀ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၂၂၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၂၂၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်း ကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ မိမိတို့ရွာသည် အခြားအစားပြောင်းလဲစားသောက်ကြရသော မိသားစုများ မရှိသော်လည်း လုပ်အားခကြိုယူ၍ ချေးငှား၍ စားသောက်ရသော မိသားစုများလည်းရှိကြောင်း တွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ တံတားချောင်းကျေးရွာတွင် သက်ကြီးရွယ်အို(၆၄)နှစ်အထက် မသန်စွမ်းသည့် ပုဂ္ဂိုလ်များကို မိသားစု/ရပ်ရွာမှ ကူညီစောင့်ရှောက်ပေးပါသည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | | ✓ |
| ၂ | ရေကြီးခြင်း | ✓ | | | | | ✓ |
| ၃ | မုန်တိုင်း | ✓ | | | | | ✓ |
| ၄ | ဆူနာမီ | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | | | **စွမ်းဆောင်နိုင်မှု ဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများ** | | |
|---|---|---|---|---|---|---|---|
| ၅ | တိုင်ဖွန်းမုန်တိုင်း | ✓ | | | | | ✓ |
| ၆ | လေဆင်နှာမောင်း | ✓ | | | | | ✓ |
| ၇ | ငလျှင် | ✓ | | | | | ✓ |
| ၈ | အပူလွန်ကဲခြင်း | ✓ | | | | | ✓ |
| ၉ | စိုက်ပျိုးမြေများတွင် **ရေငန်**ရေဝင်ရောက်မှု | ✓ | | | | | ✓ |
| ၁၀ | အအေးလွန်ကဲခြင်း | ✓ | | | | | ✓ |
| ၁၁ | မိုးသီးမုန်တိုင်း | ✓ | | | | | ✓ |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | ✓ |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | ✓ |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | | | ✓ |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | | | ✓ |
| ၁၆ | မြေပြိုခြင်း | ✓ | | | | | ✓ |
| | **လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | ✓ | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ) | ✓ | | | | ✓ | |
| ၁၉ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်စီးခြင်း | ✓ | | | | ✓ | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | | ✓ | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | ✓ | |
| ၂၂ | တီဘီရောဂါ | ✓ | | | | ✓ | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | ✓ | |
| ၂၄ | ကူးစက်ရောဂါ | ✓ | | | | ✓ | |
| ၂၅ | ပြည်တွင်း ပဋိပက္ခ | ✓ | | | | ✓ | |
| ၂၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | ✓ | | | | ✓ | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | ✓ | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း စသည် | ✓ | | | | ✓ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ တံတားချောင်းကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊မိုင်းခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူ/သားများ ထိခိုက်သက်ရောက်မှု (နိမ့်)သည်ကို တွေ့ရှိရပါသည်။ထိခိုက်မှုရှိပါက ကျေးရွာ၏ အလွန်ဆင်းရဲသော အိမ်ထောင်စုများသာ ထိခိုက်သက်ရောက်မှု ခံစားနိုင်ပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာ တစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှုဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျော ညီထွေဖြစ်အောင် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | | | ✓ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | ✓ | | | | | ✓ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | ✓ | | | | | ✓ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | ✓ | | | | | ✓ |
| ၅ | ပင်လယ်/ မြစ်ကမ်းဘေး နေထိုင်သူများ | ✓ | | | ✓ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | ✓ | | | ✓ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | ✓ | | | ✓ | | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | ✓ | | | ✓ | | |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | ✓ | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | | ✓ | | | | ✓ |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | ✓ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | ✓ | | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာ တစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှုဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျော ညီထွေဖြစ်အောင် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | ✓ | | | ✓ | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✓ | | | ✓ | | |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | ✓ | | | ✓ | | |
| ၁၆ | နေရပ်ပြန် အခြေချသူများ | ✓ | | | ✓ | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✓ | | | ✓ | | |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | | ✓ | | | | ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။တံတားချောင်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နိုင်ရန်အတွက် အခွင့်အလမ်း နည်းပါးခြင်း၊ အသက်မွေးမှု နည်းပညာ အားနည်းခြင်းတို့ ရှိသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၁ ☐ ၂ ☑ ၃ ☐ | ၇ | | ၇ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑ ညံ့☐ |
| ၂ | နာရေးကူညီမှုအသင်း | ၁ ☐ ၂ ☑ ၃ ☐ | ၁၀ | ၅ | ၁၅ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑ ညံ့☐ |
| ၃ | ဂေါပကအဖွဲ့ | ၁ ☐ ၂ ☐ ၃ ☑ | ၇ | | ၇ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး ☐ ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑ ညံ့☐ |
| ၄ | မိဘဆရာအသင်းအဖွဲ့ | ၁ ☐ ၂ ☑ ၃ ☐ | ၅ | ၁၀ | ၁၅ | ပညာရေး☑ ငွေကြေး☑<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑ ညံ့☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၅ | ရပ်မိရပ်ဖ | ၁ ☐ ၂ ☑ ၃ ☐ | ၁၄ | | ၁၄ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း☐ သင့်☑ ညံ့☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ တံတားချောင်းကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးများ ပါဝင်ခြင်း မရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။ အုပ်ချုပ်ရေး၊ မိဘဆရာ၊ လူမှုကူညီရေးအဖွဲ့၊ ကာလသား၊ ကာလသမီးအဖွဲ့များသည် ကျေးရွာ၏ သာရေးနာရေးနှင့် အခြားသော ပရဟိတ လုပ်ငန်းများတွင် အတူတကွ စုပေါင်း လုပ်ကိုင်နေကြပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆☐ ၇ ☐ | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐ |
| ၂ | | ၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆☐ ၇ ☐ | ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

**(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)**

**(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)**

**(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း**

**(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

**(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)**

**(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)**

**(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ**

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ။တံတားချောင်းကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၅၀ | - | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | - | - | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧက ကြား | - | - | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧကကြား | ၂၀ | - | တောင်သူလတ် |
| ၅ | ၁၂.၅ ဧက အထက် | ၁၀ | - | တောင်သူကြီး |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၃၈၀ | - | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ တံတားချောင်းကျေးရွာ ပိုင်နက်အတွင်း လယ်ယာပိုင်ဆိုင်မှု အနည်းငယ်သာ ရှိပါသည်။

## (၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

**ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်** (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **လွန်ခဲ့သော(၁၀) နှစ်က အခြေအနေ** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐ မရှိ ☑<br>မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐ မရှိ ☑<br>မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐ မရှိ ☑<br>မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ☐ |
| ၄ | ရေသွင်း မြောင်း | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐ မရှိ ☑<br>မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☑ | ရှိ ☐ မရှိ ☑<br>မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ☐ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀) နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
| ၆ | လက်ငင် ရေတွင်း | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑ | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑ | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☐ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ မဖြေဆိုပါ ☐ | ရှိ ☑ မရှိ ☐ မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် …** (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ တံတားချောင်းကျေးရွာရှိ လယ်ယာမြေများသည် စိုက်ပျိုးရေးကဏ္ဍတွင် ချောင်းရေကို အဓိကအားထား လုပ်ကိုင်ကြပြီး ချောင်းရေမှာ အတက်အကျအပြောင်းအလဲမရှိဘဲ စီးဆင်းလျက်ရှိသည်။ လယ်များအတွင်းသို့ ချောင်းမှ တဆင့် စီးဝင်ပါသည်။

**(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) | ထိခိုက် သက်ရောက်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| မိုးစပါး | ၁၄၀၀ | တင်း | ၃၀ | ၆၀ | ၄၀ | ၇ | ၁၁ | မြင့်☐လတ်☐ နိမ့် ☑ | မြင့်☐ လတ်☐ နိမ့် ☑ | မြင့်☐ လတ်☑ နိမ့် ☐ |
| - | - | - | - | - | - | - | - | မြင့်☐လတ်☐ နိမ့် ☐ | မြင့်☐ လတ်☐ နိမ့် ☐ | မြင့်☐ လတ်☐ နိမ့် ☐ |

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်) | ထိခိုက်သက်ရောက်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ တံတားချောင်းကျေးရွာတွင် မိုးစပါးကိုသာ အဓိက စိုက်ပျိုးပါသည်။ရာသီဥတု အခြေအနေပေါ် မူတည်ပြီး စပါးအထွက်နှုန်းမှာ ပျမ်းမျှအနေဖြင့် တစ်ဧကလျှင် (၄၀) တင်းခန့် ထွက်ရှိပါသည်။

**(၄) လယ်ယာသုံး စက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ✓ | | | |
| လက်တွန်းထွန်စက် | ✓ | | | |
| အစေ့ချ ကိရိယာ | - | | | |
| ရိတ်သိမ်းခြွေလှေ့စက် | - | | | ၃၀ |
| ရိတ်သိမ်းစက် | - | | | ၃၀ |
| ခြွေလှေ့စက် | - | | | ၃၀ |
| ရေစုပ်စက် | ✓ | | | |
| ခြေနင်းရေတင်စက် | - | | | |
| မြက်ရိတ်စက် | - | | | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

